## လူ့အသိုင်းအဝိုင်း၌လျှောက်လှမ်းခြင်း

**<u>ဤလူ့အသိုင်းအဝိုင်းတွင် ဘုရားသခင် လုပ်ဆောင်နေသည့် နည်းလမ်းများအကြောင်းကိုကျွန်ုပ်တို့ မည်သို့လေ့လာရမည်နည်း။</u>**

၁. ဘုရားသခင်သည် ထိုနေရာဒေသတွင်ယခုတိုင်အောင် အဘယ်အလုပ်ကိုလုပ်နေသည်ကို သင့်အားဖေါ်ပြစေရန် ဘုရားသခင်ထံတောင်းခံပါ။

၂. ကိုယ်တော်၏လမ်းပြမှုအတွက် ဘုရားသခင်အားတောင်းခံရန်၊ ရှာဖွေရန်နှင့် နားထောင်ရန် လျှောက်လှမ်းပါ။

၃. ကျွန်ုပ် တို့ကို သူတွေ့ဆုံစေလိုသော သူထံ ပို့ဆောင်ပေးပါရန် ဘုရားသခင် အား တောင်းလျှောက်ပါ။

၄. ဖြစ်နိုင်ချေရှိသောသူကိုဖေါ်ပြစေရန် ဘုရားသခင်အားတောင်းခံပါ။

၅. လူတို့အား သူတို့၏ပုံပြင်ကိုကျွန်တော်တို့အားပြောဆိုစေရန် လုံခြုံစိတ်ချမှုရှိကြောင်းကို ခံစားစေပါ။ သူတို့ပြုလုပ်နိုင်ရန် လုံခြုံစိတ်ချမှုရှိသောနေရာ တစ်ခုကို ဖန်တီးပါ။

၆. ဘုရားသခင်သည် ဤနေရာနှင့်ပတ်သက်၍ ကျွန်ုပ်အထဲမှာအဘယ်အရာကိုနှိုးနေသည်ကို စောင့်ကြည့်ပါ။

၇. သတင်းအချက်အလက်၊ ထိုနေရာတွင်ခုပင်ရှိခြင်း၊ နားထောင်သူတစ်ဦးဖြစ်စေပါ။

၈. လူတွေ့မေးမြန်းခြင်းမဟုတ်၊ စကားစမြည်ပြောဆိုခြင်းရှိသည်။

၉. လူတို့နှင့်အတူ ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်းများကို စတင်ပါ။

၁၀. အခြားသူများနှင့် သူတို့၏နေရာဒေသအကြောင်းအား လူတို့၏ပြန်လည်ပြောပြခြင်းများတို့ကို နားထောင်ပါ။

၁၁. စူးစမ်းလေ့လာပါ။ အာရုံငါးပါးခံစားမှုများ (အနံ့ခံခြင်း၊ အရသာခံခြင်း၊ ကြားနာခြင်း၊ အမြင်) ကို အသုံးပြုပါ။

၁၂. မိတ်ဆွေဖွဲ့ခြင်းများ/ဆက်သွယ်ခြင်းများတို့ကို ကြီးထွားတိုးတက်စေပါ။

၁၃. ရှေ့၌လေ့လာပြီးခဲ့သော လေ့လာခြင်းများကို ပြန်လည်စမ်းစစ်ကြည့်ပါ။

**ကျွန်တော်တို့စုဆောင်းနေသောသတင်းအချက်အလက်တို့အား ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့ မည်သို့ တုန့်ပြန်မည်နည်း။**

၁. လူ့အသိုင်းအဝိုင်း ရှိ သာသနာလုပ်ငန်းအတွက်ဆုတောင်းပါ။

၂. လမ်းပြမှုအတွက်သခင်ဘုရားကိုစောင့်မျှော်ပါ။

၃. စည်းကမ်းရှိပါ၊ ဆုတောင်းခြင်း၌တညီတညွတ်တည်းဖြစ်စေပါ။

၄. ဆုတောင်းခြင်းလှုပ်ရှားမှုများ ၏နေ့စဉ်မှတ်တမ်းများကို ထိန်းသိမ်းပါ။

၅. လူ့အသိုင်းအဝိုင်းတစ်လျှောက် လမ်းလျှောက်ဆုတောင်းပါ။

၆. IDMM အဖွဲ့သားနှင့်အတူဆုတောင်းရန် ဒေသန္တရအသင်းတော်ကိုစာရင်းသွင်းပါ။

၇. ဝိညာဉ်ရေးရာအနိုင်ထက်ပြုလုပ်ခြင်းများမှ ကာကွယ်ရန် အတွက်ဆုတောင်းပါ။ (ဖေက် ၆း၁၀-၁၈)

၈. ဘုရားသခင်နှင့် ဆက်ဆံရေး ကို ခိုင်ခံ့ မြဲမြဲအောင် ထိန်းသိမ်းပါ။
၉. ဆုတောင်းခြင်း၌ဦးဆောင်စေရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဆင်ခြင်အောက်မေ့ပါ၊ ဆုတောင်းပါ။
၁၀. ဝိညာဉ်ရေးရာ၏လွှမ်းမိုးမှုအောက်တွင်ရှိနေသောသူများအတွက် အထူးဆုတောင်းပေးပါ။
၁၁. ဝိညာဉ်ရေးရာသတင်းအချက်အလက်တို့ကိုစုဆောင်းခြင်းအားဖြင့် ကြားဝင်ကိုယ်စား တောင်းပန်သောဆုတောင်းခြင်းဆီဖြည့်ပါ။

**လူ့အသိုင်းအဝိုင်း တစ်လျှောက် လျှောက်လှမ်းခြင်း နှင့် ဆုတောင်းခြင်း**

၁. အကယ်၍ သင်သည် လူ့အသိုင်းအဝိုင်းတွင် နေထိုင်ပါက သူစိမ်းတစ်ယောက်ရဲ့ မျက်စိ၊ အပြုအမူတို့နှင့် သဘောထား ကိုကြည့်ပါ။
၂. လူ့အသိုင်းအဝိုင်းမှမဟုတ်ပါက ဖြစ်နိုင်လျှင် သင်နှင့်အတူလျှောက်သွားရန်ဖြစ်နိုင်ချေရှိသူ တစ်ဦးဦးကို ရှာပါ။ (လုကာ ၁၀း၁-၁၂)
၃. လူတွေ ဘယ်လို နေထိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် ဘယ်လို ပေါင်းသင်း နေတယ်ဆိုတာ ကို ပတ်ပတ်လည် လမ်းလျှောက်၍ ကြည့်ပြီး လေ့လာပါ။ သင့်ရဲ့ အာရုံ ငါးပါး ကို အသုံးပြုပါ။
၄. သင်လျှောက်လှမ်းသကဲ့သို့ သင်တွေ့မြင်သောအရာအတွက်ဆုတောင်းကူပါ။ ဘုရားသခင်၏ ဝိညာဉ်တော်မှ အာရုံငါးပါးဖြင့်သိရှိစေပါ။ လူ့အသိုင်းအဝိုင်းတွင် အဘယ်ကြောင့်တိကျသော တန်ဖိုးထားမှုများ သို့မဟုတ် အပြုအမူရှိသည်ကို ခွဲခြားသိမြင်ရန်စတင်ပါ။
၅. အကယ်၍ပြင်ပတွင်လူတွေကို တွေ့ပါက သူတို့ကိုနှုတ်ဆက်ပါ။ သင်သည်မည်သူမည်ဝါဖြစ်သည် ကိုငင်း၊ ဤနေရာဒေသအကြောင်းအားလေ့လာရာတွင်သင်စိတ်ဝင်းစားမှုရှိကြောင်းကို သူတို့အား ပြောပြပါ။
   က. သင်သည်ဤနေရာဒေသတွင်ဘယ်လောက်ကြာကြာနေထိုင်လာခဲ့သနည်း။
   ခ. လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်၍ သင်ဘာကိုကြိုက်နှစ်သက်သနည်း။
   ဂ. သင်၏လူ့အသိုင်းအဝိုင်းနှင့်ပက်သက်၍ တစ်စုံတစ်ခု သင်ပြောင်းလဲနိုင်ပါက မည်သို့ဖြစ်နိုင်သနည်း။
၆. လူနှင့်လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်သောဖြစ်ရပ်ပုံပြင်များကို နားထောင်ပါ။
၇. သင်လျှောက်လှမ်းမှုပြီးစီးပြီးနောက် စူးစမ်းလေ့လာမှုများနှင့်ရှာဖွေတွေ့ရှိမှုများတို့ကို မှတ်သားပါ။